# UNITED LEAGUE OF ARAKAN

## ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်

အမှတ်၊ (၃/၂၀၂၁)
၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်

### ရခိုင်ပြည်အတွင်း Stay at Home ကိုယ့်အိမ်တွင်ကိုယ်နေထိုင်ရမည့်ကာလအား ရက်သတ္တပတ် (၂) ပတ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာချက်

ရခိုင်ပြည်အတွင်း တော၊ မြို့ နေရာအနှံ့ ကူးစက်ပျံ့နှံ့နေပြီး ထိန်းချုပ်၍မရနိုင်သိမ့်သော COVID-19 ကိုရိုနာကူးစက်မြန်ရောဂါအား ဆက်လက်မပြန့်ပွားနိုင်ရန်၊ အထိရောက်ဆုံး ကြိုတင်ကာကွယ်တားဆီးနိုင်ရန် Stay at Home အပြင်ကို လုံးဝမလားဘဲ ကိုယ့်အိမ်ထဲတွင်ကိုယ် နေထိုင်ကတ်မည့် ရက်သတ္တပတ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်မှ ဩဂုတ်(စ်)လ (၄) ရက်နေ့အထိ နှစ်ပတ်သတ်မှတ်လိုက်သည်။

ဤထုတ်ပြန်ချက်သည် ထုတ်ပြန်လိုက်သည့်အချိန်မှစ၍ အကျုံးဝင်ပါသည်။ ဤ (၂) ပတ်တာ ကာလအတွင်း COVID-19 ရောဂါပိုး ကူးစက်ပြန့်ပွားမှုနှုန်း၊ သီဆုံးနှုန်းအပေါ်မူတည်၍ လိုအပ်လျှင် လိုအပ်ပိုင် ထပ်မံထုတ်ပြန်လားပါမည်။

Stay at Home နှစ်ပတ်တာကာလအတွင်း စားဝတ်နေရေးခက်ခဲသော ပြည်သူလူထုအတွက် မြို့၊ ရပ်ရွာ၊ ရပ်ကွက် ဂေါင်းဆောင်မှု၊ ဖေးမကူညီမှု၊ ကိုရိုနာရောဂါထိန်းချုပ်ကာကွယ်ရီးအဖွဲ့များ၏ ပူးပေါင်းမျှဝေဖြီယှင်းပီးနိုင်မှုများနန့် စားဝတ်နေရီးအခက်အခဲများကို ဝိုင်းဝန်းဖြီယှင်းပီးကတ်ပါရန်လည်း တိုက်တွန်းလိုက်ပါသည်။

ဤထုတ်ပြန်ချက်နန့်အတူ COVID-19 ကိုရိုနာကူးစက်မြန်ရောဂါအား ထိထိရောက်ရောက် ကြိုတင်ကာကွယ်တားဆီးနိုင်ရီးအတွက် လူတိုင်းသိဟိနားလည်ထားပြီး မဖြစ်မနေလိုက်နာရမည့်စည်းကမ်းများကိုပါ တပါတည်း ထုတ်ပြန်လိုက်ပါသည်။ ထုတ်ပြန်ချက်ပါစည်းကမ်းချက်တိုင်းကို ရခိုင်ဒေသနေ ပြည်သူလူထုတစ်ရပ်လုံး တိတိကျကျလိုက်နာကတ်ရမည်။ ပြည်သူတစ်ရပ်လုံးအနေနန့်လည်း စည်းကမ်းဟိဟိ အသိတရားအပြည့်နန့် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလိုက်နာကတ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ မလိုက်နာသူများကို COVID စည်းကမ်းများနန့်အညီ နည်းလမ်းတကျ ထိထိရောက်ရောက် အရီးယူဆောင်ရွက်လားမည်ဖြစ်ကြောင်း အသိပီးထုတ်ပြန်အပ်ပါသည်။

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်

20/7/2021